## အမှာစာ

ဤစာအုပ်တွင် ဒဿနဆောင်းပါး ၂၀ ပုဒ် ပါဝင်ပါသည်။အပိုင်း သုံးပိုင်း ခွဲထားပါသည်။ ပထမပိုင်းကို **ဒဿနစည်းမျဉ်း တည်ဆောက်ပုံ** ဟု အမည်ပေးထားပါသည်။ ဆောင်းပါး ၇ ပုဒ်ပါဝင်ပါသည်။ (၁)၂၀၁၀ **ဒဿနဆောင်းပါး**တွင် ဒဿနစည်းမျဉ်း တည်ဆောက်ပုံ ရေးထားပါသည်။ (၂)**ဟိရီဆောင်းပါး**တွင် ကမ္ဘာ့ကျင့်ဝတ် (Global Ethics) အကြောင်း ရေးထားပါသည်။ **(၃) ကိုယ့်အလှည့်စောင့်သူများနှင့်အတူဆောင်းပါး**တွင်အနာဂတ်ခေါင်းဆောင်အကြောင်း ရေးထားပါသည်။ **(၄) ကျင့်ဝတ်ဆောင်းပါး**တွင် လူသားအားလုံးနှင့် သက်ဆိုင်သောကျင့်ဝတ်ကို ရေးထားပါသည်။ **(၅) အဆင်ပြေမှုအစုအဝေးနှင့်ဆောင်းပါး**တွင် အဆင်ပြေမှုရှိသော လူ့အဖွဲ့အစည်းတစ်ခု ဖြစ်စေရန်အတွက် ဦးဆောင်သူတို့တွင် ရှိသင့်သောစိတ်ထားကို ရေးထားပါသည်။ **(၆) မှန်ဆောင်းပါး**တွင် စဉ်းစားဆင်ခြင်ဉာဏ်ဖြင့်သာ လူ့အဖွဲ့အစည်းတစ်ခုအောင်မြင်တိုးတက်နိုင်ကြောင်း ရေးထားပါသည်။ **(၇)အဓိပ္ပာယ်ဖွင့်ဆိုမှုဆောင်းပါး**တွင် သတ်မှတ်ချက်အဓိပ္ပာယ်ကို မှန်ကန်စွာနားလည်ပြီး လက်တွေ့ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေမှုနှင့် ယုံကြည်မှု တည်ဆောက်နိုင်ကြောင်း ရေးထားပါသည်။

ဒုတိယပိုင်းကို **ကိုယ်ကျင့်တရားတန်ဖိုးတစ်ခု**ဟု အမည်ပေးထားပါသည်။ ဆောင်းပါး ၉ ပုဒ် ပါဝင်ပါသည်။ **(၁)ကိုယ်ကျင့်တရားတန်ဖိုးတစ်ခုဆောင်းပါး** တွင် နိုင်ငံဖွံ့ဖြိုးရေး အားထုတ်လိုသောဆန္ဒဖြစ်သော နိုင်ငံရေး စေတနာ (political Will)သည် ကိုယ်ကျင့်တရားတန်ဖိုးတစ်ခုဖြစ်သည်ဟု ရေးထားပါသည်။ (၂) **ရိုးမှမ်းစကားဆောင်းပါး**တွင် လူ့အဖွဲ့အစည်းတစ်ခု ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကိုယ်ကျင့်တရား တန်ဖိုးတစ်ခု ရေးထားပါသည်။ **(၃) ကျေးဇူးသိခြင်း ပေးဆပ်ခြင်းဆောင်းပါး** တွင် ခေတ်မီဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းဖြစ်ရန် လိုအပ်သောအခြေခံကို ရေးထားပါသည်။ **(၄) လူသားစိတ်ထားဖြင့်သာဆောင်းပါး**တွင်လည်း ခေတ်မီဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းဖြစ်ရန် လိုအပ်သောအခြေခံကို ရေးထားပါသည်။ **(၅) ဝေးကွာနေသူများမှာဆောင်းပါး** တွင် မျှော်မှန်းထားသော အနာဂတ်ဘဝနှင့် ထိုက်တန်သည့် ပစ္စုပ္ပန်စိတ်နေ သဘောထားသည့် တစ်ဦးချင်းဘဝ၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပုံကို ရေးထားပါသည်။ **(၆) အပြုသဘောစိတ်ထားဖြင့် ဆွေးနွေးပါရစေဆောင်းပါး** တွင် နိုင်ငံတည်ဆောက်ရေးတွင် လူမှုအခြေခံအုတ်မြစ် တည်ဆောက်ရေး လိုအပ်ကြောင်း ရေးထားပါသည်။ **(၇) ယုံကြည်မှုဖြင့်သာဆောင်းပါး**တွင် အပြန်အလှန်ယုံကြည်မှုအားကောင်းသော လူ့အဖွဲ့အစည်းသည် လူနေမှု Social Capital မြင့်မားကြောင်း ရေးထားပါသည်။ **(၈) စကားလုံးများဆောင်းပါး**တွင် အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုအကြောင်းရေးထားပါသည်။ **(၉) အေးစေ ကြောင်းလောင်းတဲ့ရေ ဆောင်းပါး** တွင် ကောင်းမွန်သော ပြောင်းလဲမှုအကြောင်း ရေးထားပါသည်။

တတိယပိုင်းကို **ဆရာနန္ဒာသိန်းဇံဆီသို့** ဟု အမည်ပေးထားပါသည်။ ဆောင်းပါး ၄ ပုဒ် ပါဝင်ပါသည်။ **(၁) ဆရာနန္ဒာသိန်းဇံဆီသို့ ဆောင်းပါး၊ (၂) ဖြစ်သင့်တာနဲ့ဖြစ်နေတာဆောင်းပါး၊ (၃) မိုးကောင်းကင်နှင့် ဆရာနန္ဒာသိန်းဇံ အစဉ်အလာဆောင်းပါး၊ (၄) လွှတ်လပ်ခြင်းလမင်းနှင့် ဆရာနန္ဒာသိန်းဇံအစဉ်အလာ ဆောင်းပါး** ဟူသည့် ဆောင်းပါး ၄ ပုဒ် စလုံးသည် ဆရာနန္ဒာသိန်းဇံဆီသို့ ဦးတိုက်ရေးသားထားသော ဒဿနဆောင်းပါးများ ဖြစ်ကြပါသည်။ အမိမြန်မာပြည်၏ အတိတ်အစဉ်အလာတန်ဖိုးများကို နားလည်ပြီးအနာဂတ် မျှော်မှန်းချက်များအတွက် ပစ္စုပ္ပန်ဒဿနအဖြစ် ရေးထားပါသည်။

ဒဿနစည်းမျဉ်း တည်ဆောက်ပုံ စဉ်းစားနည်းပညာကို သင်ပေးခဲ့သည့် ဆရာကြီး ဒေါက်တာခင်မောင်ဝင်း (ဒဿနဗေဒ)နှင့် ပုဂံ အစဉ်အလာ၊ မြန်မာ့အစဉ်အလာတန်ဖိုးပညာကို သင်ပေးခဲ့သည့်ဆရာဒေါက်တာသိန်းဇံ (နန္ဒာသိန်းဇံ) တို့အား ဤစာအုပ်ဖြင့် ရည်စူးပူဇော်အပ်ပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားထုတ်ပေးသော မျိုးဆက်သစ်စာပေမှ မတင်မာဦး (မဟာဝိဇ္ဇာ၊ ဒဿနိကဗေဒ)အား ကျေးဇူးတင်ပါသည်။

လေးစားမှုဖြင့်
(ဆန်းထွန်းသောင်)
ဒေါက်တာ ဆန်းထွန်း
ပါမောက္ခ၊ ဌာနမှူး
ဒဿနိကဗေဒဌာန၊ ဒဂုံတက္ကသိုလ်

## မာတိကာ


– စာရေးသူ၏အမှာစာ ၆

အပိုင်း (၁)
ဒဿနစည်းမျဉ်းတည်ဆောက်ပုံ

၁။ ၂၀၁၀ ဒဿန ၁၀
၂။ ဟိရီ ၁၇
၃။ ကိုယ့်အလှည့်စောင့်သူများနှင့်အတူ ၂၃
၄။ ကျင့်ဝတ် ၂၉
၅။ အဆင်ပြေမှု အစုအဝေးနှင့် ၃၇
၆။ မှန် ၄၁
၇။ အဓိပ္ပာယ်ဖွင့်ဆိုမှု ၄၅

အပိုင်း (၂)
ကိုယ်ကျင့်တရားတန်ဖိုးတစ်ခု

၈။ ကိုယ်ကျင့်တရား တန်ဖိုးတစ်ခု ၅၀
၉။ ရိုးမှမ်းစကား ၅၅
၁၀။ ကျေးဇူးသိခြင်း ပေးဆပ်ခြင်း ၆၁
၁၁။ လူသားစိတ်ထားဖြင့်သာ ၆၆
၁၂။ ဝေးကွာနေသူများမှာ ၇၁
၁၃။ အပြုသဘောစိတ်ထားဖြင့် ဆွေးနွေးပါရစေ ၇၇
၁၄။ ယုံကြည်မှုဖြင့်သာ ၈၃
၁၅။ စကားလုံးများ ၈၉
၁၆။ အေးစေကြောင်း လောင်းတဲ့ရေ ၉၃

အပိုင်း (၃)
ဆရာနန္ဒာသိန်းဇံဆီသို့

၁၇။ ဆရာနန္ဒာသိန်းဇံဆီသို့ ၁၀၀
၁၈။ ဖြစ်သင့်တာနဲ့ ဖြစ်နေတာ ၁၀၉
၁၉။ မိုးကောင်းကင်နှင့်ဆရာနန္ဒာသိန်းဇံ အစဉ်အလာ ၁၁၇
၂၀။ လွှတ်လပ်ခြင်း လမင်းနှင့်
ဆရာနန္ဒာသိန်းဇံ အစဉ်အလာ ၁၂၅